# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၄၁)ရက်မြောက်နေ့ အစီအစဉ်

# [ ၉–၈–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်း– ကျုံလဟာ မဟာဗျူဟာလမ်းမကြီးနှင့် ဆက်သွယ်ထားသော ချောင်းဆုံ– တော်ကလပ် မြေသားလမ်းအား ဂျင်းကျောက်ဖြင့် ရာသီမရွေး သွားလာနိုင်သည့် လမ်းအဖြစ် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ ပါမဲ ကျေးရွာအုပ်စု၊ ထင်းကွင်း၊ ရွာသစ်၊ တပ်ဦး (၃)ရွာပေါင်း၍ စိမ့်စမ်းရေ သွယ်ယူခြင်း လုပ်ငန်းများကို ရေအရင်းအမြစ်နှင့် ရေအသုံးချရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၏ **နိုင်ငံတော်စီမံကိန်းများ ရေးဆွဲခြင်း၊ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ မြေယာစီမံခန့်ခွဲ အုပ်ချုပ်မှုများ ဆောင်ရွက်ရာတွင် မြေယာမှတ်ပုံတင်ခြင်းနှင့် မြေပုံ စနစ်ကို မည်သည့်စနစ်ဖြင့် မည်ကဲ့သို့စီစဉ်ဆောင်ရွက်နေကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ်တွင် ခရိုင် သို့မဟုတ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဖွင့်လှစ်ပေးရန်နှင့် ဝန်ထမ်းများခန့်အပ်ပေးရန်၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနတွင် တာဝန်ခံအရာရှိ ခန့်အပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးတင်ဌေးအောင်၊ ရေစကြို မဲဆန္ဒနယ်၏ **ရေစကြိုမြို့နယ်၊ တမာတန်း၊ ဇီးကျွန်းကျေးရွာတို့မှ မြို့သို့ဆက်သွယ်ထားသော ဆည်ပေါင်လမ်းအား ခိုင်ခံ့ကောင်းမွန်အောင် မည်သည့် ဘဏ္ဍာနှစ်တွင် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **ပုံစံ(၇)ပါ အကွက်အမှတ် အတိုင်းအတာ၊ မြေစာရင်းကွင်းမြေပုံရှိ အကွက်အမှတ်အတိုင်းအတာ၊ မြေပြင်တွင် အမှန်တကယ်ရှိသည့် အကွက်အမှတ်အတိုင်းအတာ စသည်တို့ တိုက်ဆိုင်စစ်ဆေးကာ မြေကြီးမြေပုံစာရင်း အမှန်ရရှိရေး အတွက် စီမံချက်ချဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ပုံစံ(၇)များ လက်လွတ်စပယ် ထုတ်ပေးခြင်း၊ မြေတိုင်းတာမှု အလွယ် ပြုလုပ်ခြင်းတို့အတွက် မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။